**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**
**Bamboo Parque ပြုလုပ်သည့် နည်းပညာသင်တန်းသားများ ခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့မှစတင်၍ Bamboo Parque ပြုလုပ်သည့် နည်းပညာသင်တန်းကို ဖွင့်လှစ်ပြီး ဝါးကုန်ကြမ်းပြုပြင်ခြင်းနည်းပညာ၊ ဝါးကြာရှည်ခံနည်းပညာ၊ ဝါးပါကေးပြုလုပ်ခြင်း နည်းပညာနှင့် ဝါးပါကေး အချောသပ်ခြင်းနည်းပညာများကို ကိုဗစ်စည်းကမ်းများနှင့်အညီ စာတွေ့လက်တွေ့ သင်ကြားပေးမည် ဖြစ်ပါသည်။

၂။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထား မူရင်းနှင့် မိတ္တူများကို တင်ပြရမည်။

(က) လျှောက်ထားလိုသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်။)

(ခ) လျှောက်ထားလိုသူများသည် အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ (ပညာရေးဆိုင်ရာ အထောက်အထားမူရင်းတင်ပြနိုင်ရမည်။)

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက် (မူရင်း) တင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး သင်တန်းချိန်များကို သင်တန်းပြီးဆုံးသည်အထိ အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။ (သတ်မှတ်သင်တန်းချိန် မပြည့်မီပါက အောင်လက်မှတ်ထုတ်ပေးမည် မဟုတ်ပါ။)

(င) ဝါးတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းကို စိတ်ပါဝင်စားသူ MSMEs လုပ်ငန်းရှင်များလည်း တက်ရောက်နိုင်ပါသည်။

(စ) Covid vaccine ဆေးထိုးပြီးကြောင်းလက်မှတ်မိတ္တူကို လျှောက်လွှာနှင့်အတူ တင်ပြနိုင်သူ ဖြစ်ရပါမည်။

၃။ သင်တန်းချိန်မှာ နေ့လည်(၁း၀၀) နာရီမှ ညနေ (၄း၀၀)နာရီအထိဖြစ်ပြီး (၁၈.၁၀.၂၀၂၂)ရက်နေ့မှ (၂၁.၁၀.၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ(၄)ရက်ဖြစ်ပါသည်။ သင်တန်းသား တစ်ဦးလျှင် ၅၀,၀၀၀( ငါးသောင်းကျပ်) ပေးသွင်းရမည်။

၄။ လျှောက်လွှာပုံစံများကို ဤကြော်ငြာပါသည့်နေ့မှစ၍ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် အခမဲ့ ရယူနိုင်ပြီး သတ်မှတ်ပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ (၁၂.၁၀.၂၀၂၂)ရက်နေ့ နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် လျှောက်ထားရမည် ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း (သို့မဟုတ်) ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ (၃) ပုံတို့ကို ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉၄၅၀၀၂၇၅၁၀ / ၀၉၇၇၇၅၀၇၃၉၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။